# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 16 , 2023 | Volume 66, Number 10

၁၆.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၁၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဆောင်းနှမ်းများ ရေလွှမ်းခံရသောကြောင့် နှမ်းဈေးများမြင့်တက်လာ

လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းကြောင့် တချို့ဒေသများတွင် ဆောင်းနှမ်းများ ရေလွှမ်းခံရ၍ ပျက်စီးခဲ့သောကြောင့် နှမ်းလက်ကျန်နည်းကာ နှမ်းဈေးများ မြင့်တက်လာကြောင်း သိရသည်။

ထို့အပြင် မိုးနှမ်းစိုက်ခြင်းကိုလည်း ဇွန်လမှသာ စိုက်ပျိုးကြမည်ဖြစ်၍ နှမ်းဈေးကွက်တွင် နှမ်းလက်ကျန်နည်းနေပြီး အက်စစ်အောင်သည့်နှမ်းရှားကာ ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း သိရသည်။ "ဆင်ဖြူကျွန်း၊ စလင်းဘက်က နယ်တွေက နှမ်းခင်းကျယ်ပြန့်တယ်။ အဲ့ဒီမှာက မိုးကအရမ်းရွာလိုက်တော့ ဆောင်းနှမ်းတွေ ရေတွေဝင်ကုန်ပြီး ပျက်ကုန်လို့ ဈေးတက်နေတယ်။ ရေဝင်တော့ အရည်သွေးနိမ့်တယ်။ ဒါကြောင့် ဈေးကွက်မှာ အဓိက အရောင်းသွားနေတာက အက်စစ်အောင်တဲ့ နှမ်းတွေပါ။ နှမ်းကို အက်စစ်ပါမပါစစ်ပြီးမှ အရောင်းဝယ်လုပ်ကြတယ်" ဟု အောင်လံမြို့မှ နှမ်းကုန်သည် ဦးအောင်မိုးကပြောသည်။

ရာသီဥတုဖောက်ပြန်ကာ မိုးများဆက်တိုက် ရွာသွန်းနေခြင်းကြောင့် မိုးမိပြီး နှမ်းအတွင်းရေဝင်ကာ နှမ်းအထွက်နှုန်းအပြင် နှမ်းအရည်အသွေးပိုင်းလည်း ထိခိုက်ကြောင်းသိရသည်။ ထို့ကြောင့်ဈေးကွက်အတွင်း နှမ်းဝယ်သူများအနေဖြင့် နှမ်းအတွင်း အက်စစ်ဓာတ် ပါဝင်မှုကို တိုင်းတာပြီးမှ ဝယ်ယူခြင်းများရှိကြောင်း သိရသည်။

ယခင် နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်ကို နှစ်သိန်း ငါးသောင်း ပေါက်ဈေးသာ ရှိခဲ့ရာမှ ယခု အက်စစ်အောင်သည့်နှမ်း ၄၅ ပိဿာဝင် တစ်အိတ်ကို မန္တလေးတွင် သုံးသိန်းနှစ်သောင်းထိရှိပြီး၊ အက်စစ်မအောင်သည့် နှမ်း ၄၅ ပိဿာဝင် တစ်အိတ်လျှင် ယခင်က နှစ်သိန်းငါးသောင်းမှ ယခု နှစ်သိန်းကိုးသောင်းထိ ပေါက်ဈေးရှိကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းနှမ်းကို တရုတ်နယ်စပ်ဂိတ်များမှတဆင့် ပုံမှန်တင်ပို့နေရခြင်းဖြစ်ပြီး အဝယ်အနည်းငယ်သာ ရှိကြောင်းသိရသည်။ " ဂျပန်က သိပ်အဝယ်မရှိဘူး၊ တရုတ်ပဲသွားနေတယ်။ နယ်စပ်ဘက်ကပဲသွားနေတယ်။ မန္တလေးကုန်သည်တွေက ကြိုဝယ်တဲ့သဘောပါ။ ဟိုဘက် demand သိပ်မကောင်းသေးပါဘူး"ဟု နှမ်း exporter တစ်ဦးက ပြောသည်။ ပြည်တွင်းနှမ်းများကို တစ်နှစ်လျှင် တရုတ်ဘက်သို့ တန်ချိန် ၃ သိန်းခန့် တင်ပို့လျှက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံမှ မိုးနှမ်းများတွင် ရိတ်သိမ်းချိန် အစိုဓာတ်များသည့်အတွက် အက်စစ်ပါဝင်မှုမှာ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ပါဝင်မှုများရှိကြောင်း သိရပြီး လာမည့် မိုးနှမ်းစိုက်ပျိုးချိန် ထိုကဲ့သို့ပါဝင်မှုမရှိရန် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း သုံးသပ်ကြသည်။

ပြည်တွင်းတွင် ပုံမှန်နှမ်းထွက်ရှိမှုနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၆သိန်းမှ ၈သိန်း ထိ ထွက်လေ့ရှိပြီး ရာသီဥတု ဖောက်ပြန်မှုကြောင့် နှမ်း သုံးချိုး တစ်ချိုးသာ ထွက်ရှိကြောင်းသိရသည်။

မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး တရုတ်နိုင်ငံ တခုတည်းသာ အားထားတင်ပို့နေရကြောင်း ကျန်နိုင်ငံများသို့တင်ပို့ရန် အခက်ခဲများစွာရှိနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြားစိုက်ပျိုးလျက်ရှိပြီး မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ထွက်ရှိသည့်နှမ်းနက်သည် အရည်အသွေးအလွန်ကောင်းမွန်သဖြင့် ဂျပန်နိုင်ငံမှ အလွန်နှစ်သက်ကြောင်းလည်း လေ့လာတွေ့ရှိရသည်။

Source: (AMIA)

https://t.me/htwettoe

## အခေါက်ရွှေဈေးပြန်လည်မြင့်တက်

ပြည်တွင်းအခေါက်ရွှေဈေး မေလဒုတိယပတ်အတွင်း တစ်ကျပ်သားလျှင် ကျပ် သိန်း ၃၀ ကျော်ထိ ပြန်လည် ဈေးမြင့်တက်နေကြောင်း သိရသည်။

၁၆ပဲရည် (အကယ်ဒမီ) တစ်ကျပ်သားလျှင် မေ ၁၄ ရက် မွန်းလွဲပိုင်းဈေးအရ ဝယ်ဈေး ကျပ် ၃၀၀၃၀၀၀၊ ရောင်းဈေး ကျပ် ၃၀၀၈၀၀၀ ဖြင့် ဈေးမြင့်တက်နေပြီး ဈေးကွက်တွင်း ကြိုက်ရောင်းကြိုက်ဝယ် အနေအထားဖြင့် အရောင်းအဝယ်ဖြစ်ပေါ် နေကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးမှာမူ တစ်ထရိုင်အောင်စလျှင် မေ ၁၄ ရက် ဈေးကွက်ပိတ်ချိန် ဒေါ်လာ ၂၀၁၀ အထိ မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးပါ လိုက်ပါမြင့်တက်နေခြင်းဖြစ်ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ နိုင်ငံခြားငွေလဲနှုန်းမှာမူ မေ ၁၄ ရက် ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာ ဝယ်ဈေးကျပ် ၂၈၅၀၊ ရောင်းဈေး ၂၈၆၅ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိသည်။

Source: https://t.me/sdtimedaily

## ကော့သောင်း (FOB) စစ်ဆေးရေးစခန်းမှ ထိုင်းနိုင်ငံ ရနောင်းသို့ ရေထွက်ကုန်တန်ချိန် ၂၀၀၀ နီးပါး တင်ပို့ထား

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း (FOB) စစ်ဆေးရေးစခန်းမှ ထိုင်းနိုင်ငံ ရနောင်းသို့ ယခုနှစ် ဧပြီလတစ်လတာ ကာလအတွင်း ရေထွက်ကုန်တန်ချိန် ၂၀၀၀ နီးပါး တင်ပို့ထားကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

“ဧပြီ ၁ ရက်ကနေ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ရနောင်းကို ရေထွက်ကုန် ၁၉၇၆ ဒသမ ၈၉၁ တန် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၂၂၉၅၆၇၉ ဒသမ ၀၁၉ ဒေါ်လာရရှိထားပါတယ်” ဟု ၎င်းကပြောသည်။

ထိုသို့တင်ပို့ရာတွင် ငါးတန်ချိန် ၁၇၆၅ ဒသမ ၉၈၅ တန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၇၁၀၈၀၅ ဒသမ ၃၅ ဒေါ်လာ ရရှိခဲ့ပြီး ပုစွန်တန်ချိန် ၁၃ ဒသမ ၀၂တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၅၃၃ ဒသမ ၇၅ ဒေါ်လာရရှိထားကြောင်း၊ တခြားရေထွက်ကုန်တန်ချိန် ၁၉၇ ဒသမ ၈၈၆ တန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၅၁၄၃၃၉ ဒသမ ၉၁၉ ဒေါ်လာရရှိသည့်အတွက် စုစုပေါင်း ၁၉၇၆ ဒသမ ၈၉၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၂၉၅၆၇၉ ဒသမ ၀၁၉ ဒေါ်လာရရှိထားကြောင်း သိရသည်။

ယခင်နှစ်ကာလတူက ရေထွက်ကုန် ၂၀၀၄၈ ဒသမ ၈၃၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆၅၀၆၃၄၁ ဒသမ ၄၉၃ ဒေါ်လာရရှိခဲ့ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/40567

## အင်ဒိုနီးရှား ကြက်အရှင် ပထမဆုံးအသုတ် စင်ကာပူသို့တင်သွင်း



https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှားမွေးမြူရေးခြံမှ ကြက်အရှင်တင်သွင်းမှုကို စင်ကာပူက ခွင့်ပြုလိုက်ပြီးနောက် ပထမဆုံးအသုတ် စင်ကာပူသို့ ရောက်ရှိလာသည်။

စင်ကာပူသည် ယခင်က အင်ဒိုနီးရှားထံမှ ကြက်အရှင်များ တင်သွင်းရန် ခွင့်မပြုခဲ့ပါ။ မလေးရှားမှ ကြက်အရှင်များကိုသာ တင်သွင်းခဲ့ပါသည်။ စင်ကာပူနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံရှိ မွေးမြူရေးခြံတစ်ခုမှ ကြက်သားအရှင် များကို စတင်တင်သွင်းခဲ့ကြောင်း၊ စင်ကာပူသို့ စနေနေ့တွင် ရေကြောင်းဖြင့် ရောက်ရှိလာခဲ့ကြောင်း စင်ကာပူ စားနပ်ရိက္ခာ အေဂျင်စီ Singapore Food Agency (SFA) က တနင်္ဂနွေနေ့(မေ ၁၄)တွင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇွန်လတွင် စင်ကာပူသည် အအေးပေး ၊ အေးခဲနှင့် ပြုပြင်ထားသောကြက်သားတင်သွင်းမှုအတွက် အရင်းအမြစ်သစ်တစ်ခုအဖြစ် အင်ဒိုနီးရှားကို ထည့်သွင်းခဲ့ပါသည်။ အင်ဒိုနီးရှားမှ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းစင်သည့် ကြက်ခြံတစ်ခြံကို ခွင့်ပြုခဲ့သည်ဟု SFA က ပြောကြားသည်။

**Source: Straitstimes**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6174-live-chicken.html

## ထိုင်းဆန်ဈေးများ လေးလတာအတွင်း အမြင့်ဆုံးရောက်ရှိလာ



https://greenwaymyanmar.com

ဆန်တင်ပို့မှု အဓိကတစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ ယခုအပတ် ဆန်ပေါက်ဈေးတွေဟာ လေးလအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ပြီး ဗီယက်နမ်ဆန်ဈေးတွေလည်း တစ်နှစ်ကျော်အတွင်း အမြင့်ဆုံးနှုန်းမှာ ဆက်လက်ရပ်တည်ခဲ့ပါတယ်။ ဒါဟာ အိမ်နီးချင်း နိုင်ငံတွေက ဆန်မှာယူမှုမြင့်တက်လာတာကြောင့် ဖြစ်ပါတယ်။

ယခုနှစ်မှာ ဆန်ဈေးတွေ ကောင်းနေတာကြောင့် အာရှတောင်သူတွေ စပါးကြေချဲ့ထွင်စိုက်ပျိုးခဲ့ကြတဲ့အတွက် အာရှဆန်အထွက် မြင့်တက်လာနိုင်ပြီး ဆန်ရောင်းအားစိုးရိမ်ချက်တွေ ပြေလျော့လာဖွယ်ရှိပါတယ်။ ယမန်နှစ် ၂၀၂၂ တုန်းကတော့ ဆန်ထုတ်လုပ်မှုတွေ ခုနစ်နှစ်အတွင်း ပထမဆုံး အကြီးမ်အဖြစ် ကျဆင်းခဲ့တာပါ။

ကမ္ဘာ့ဆန်တင်ပို့မှု တတိယအများဆုံး ဗီယက်နမ်ဟာ ၂၀၂၃ ပထမလေးလအတွင်း ဆန်တင်ပို့မှု နှစ်အလိုက် ၃၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တင်နိုင်ခဲ့ကာ တန်ချိန် ၁ ဒသမ ၈၅ သန်း တင်ပို့ခဲ့ကြောင်း ဗီယက်နမ်အစိုးရ အကောက်ခွန်ဌာနစာရင်းတွေအရ သိရပါတယ်။ ဧပြီလဆန်တင်ပို့မှုဟာ မတ်လထက် ၈၀ ရာခိုင်နှုန်း ပိုများခဲ့ပြီး ၉၆၁၆၀၈ တန် ရှိခဲ့ပါတယ်။

“ပို့ကုန်သမားတွေဟာ ပြည်ပစာချုပ်တွေကို ဖြည့်ဆည်းရောင်းချနိုင်ရေး ဆန်အတင်းဝယ်ယူနေတာကြောင့် အရောင်းအဝယ်သွက်နေပါတယ်” လို့ ဟိုချီမင်းစီးတီးမြို့အခြေစိုက် ဆန်ကုန်သည်တစ်ယောက်က ပြောပါတယ်။

ဗီယက်နမ်ဝန်ကြီးချုပ် Pham Minh Chinh ကလည်း ဒေသတွင်းအစည်းအဝေးတစ်ခုမှာ ဖိလစ်ပိုင်သမ္မတ Ferdinand Marcos Jr နဲ့ တွေ့ဆုံစဉ် ဗီယက်နမ်ဟာ ဖိလစ်ပိုင်ထံ ဆန်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ကာလရှည် ရောင်းချသွားလိုကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ လက်ရှိမှာ ဖိလစ်ပိုင်ဟာ ဗီယက်နမ်ဆန်အများဆုံးဝယ်ယူနေတဲ့ ဝယ်လက်အဖြစ် ရပ်တည်နေပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဖြစ်ပေါ်တဲ့ ဗီယက်နမ်ငါးမှတ်ဆန်ဈေးဟာ ယခင်အပတ်ကအတိုင်း မပြောင်းလဲဘဲ တစ်တန်ကို ၄၈၅-၄၉၅ ဒေါ်လာကြား ရပ်တည်ခဲ့ပါတယ်။ ဒါဟာ ၂၀၂၁ ဧပြီလနောက်ပိုင်း အမြင့်ဆုံးနှုန်းမှာပါပဲ။

ထိုင်းနိုင်ငံမှာ ငါးမှတ်ဆန်ဈေးဟာ အရင်အပတ်က တစ်တန်ကို ၄၈၅ ဒေါ်လာမှာ ရပ်တည်ခဲ့ရာကနေ ယခုအပတ်မှာတော့ ဖေဖော်ဝါရီနောက်ပိုင်း အမြင့်ဆုံးဖြစ်တဲ့ ၄၉၈-၅၀၀ ဒေါ်လာနှုန်းကြားကို ရောက်ရှိလာပါတယ်။ ဒီလိုဈေးတက်လာခြင်းဟာ အင်ဒိုနီးရှားအပါအဝင် ဒေသတွင်းနိုင်ငံတွေဆီက ဝယ်လိုအား မြင့်တက်လာတာအပြင် ဘတ်ငွေအားကောင်းလာတာကြောင့်လည်းပါတယ်လို့ ကုန်သည်တွေကပြောပါတယ်။ ပြည်တွင်းဘတ်ဈေး မြင့်တက်လာတာကြောင့် ဒေါ်လာနဲ့ရောင်းဝယ်ဖောက်ကားတဲ့ ပြည်ပပို့ကုန်ဈေးတွေလည်း လိုက်ပါမြင့်တက်ခဲ့တာဖြစ်ပါတယ်။

အိန္ဒိယငါးမှတ်ပေါင်းဆန်ဈေးကတော့ အရင်အပတ်ကအတိုင်း အပြောင်းအလဲမရှိ တစ်တန်ကို ၃၇၆-၃၈၀ ဒေါ်လာကြား ရပ်တည်ခဲ့ပါတယ်။ ဒါဟာ ဒီဇင်ဘာလနောက်ပိုင်း အနိမ့်ဆုံးနှုန်းကို ကျရောက်နေတာလည်း ဖြစ်ပါတယ်။ "ဆန်ဝယ်လိုအား နည်းနေတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေမှာ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့တာ ကြောင့် ဆောင်းသီးနှံကထွက်ရှိတဲ့ ရောင်းအားတွေ နှောင့်နှေးတာလည်းရှိတယ်"လို့ အိန္ဒိယတောင်ပိုင်း အန္ဓရဒေသပြည်နယ် ကာကီနာဒါမြို့အခြေစိုက် ပို့ကုန် လုပ်ငန်းရှင်တစ်ယောက်က ပြောပါတယ်။

**Ref: Asia rice: Thai rates at four-month high - Markets - Reuters**

**Source:** https://greenwaymyanmar.com/posts/Thailand_rice_market

## တရုတ်နိုင်ငံသည် RCEP အောက်မှ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ပေါင်း (၂၀၀,၀၀၀)ကျော်ကို ထုတ်ပေးခဲ့

တရုတ်အာဏာပိုင်များသည် ၂၀၂၃ ခုနှစ်၊ မတ်လအထိ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်အောက်မှ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ပေါင်း (၂၀၁၇၀၀) ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း တရုတ် ကုန်သွယ်ရေးကောင်စီက (၁၀-၅-၂၀၂၃)ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ CO Form များ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၈.၄၁) ဘီလီယံရှိပြီး တရုတ်ထုတ်ကုန်များ အတွက် အမေရိကန်ဒေါ်လာ (၁၂၆) သန်း အခွန်သက်သာခွင့်ရရှိရန် မျှော်လင့်ထားကြောင်း နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ Wang Linjie က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

RCEP သဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်အသက်ဝင်ခဲ့ကြောင်းနှင့် RCEP အဖွဲ့ဝင်များ နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ရန် ကောင်စီသည် စက်မှုလုပ်ငန်းနှင့်စီးပွားရေးလုပ်ငန်း များကို ပံ့ပိုးကူညီခဲ့သည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

RCEP ၏ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို လုပ်ငန်းအများအပြားက ပိုမိုလက်ခံလာခဲ့ကြပြီး ကမ္ဘာ့ ဈေးကွက်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်သည့် ကုမ္ပဏီများအတွက် ထင်သာမြင်သာ ရှိသော အကျိုးကျေးဇူးများကို ရရှိစေခဲ့ကြောင်း Wang က ပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံအနေဖြင့် RCEP ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် စုစုပေါင်း (၄၅,၇၀၀)ကို ထုတ်ပေးခဲ့ပြီး ယခင်နှစ်ထက် (၁၀၅.၅၄) ရာခိုင်နှုန်း တိုးလာ၍ အမေရိကန်ဒေါ်လာ (၁.၆၄)ဘီလီယံခန့်ရှိသည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**စီးပွားရေးသံမှူး၊ နန်နင်း**

**Source:** https://english.news.cn/20230426/00de71c8e71f44db83fc3ef727939042/c.html

https://myantrade.gov.mm/article/Naypyitawstp160520231011

## ဂျပန်အစိုးရ၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ဖြေလျှော့မှုများကြောင့် နိုင်ငံ့စီးပွားရေးကို ယန်း ၄.၂ ထရီလီယံတိုးတက်စေမည်

ဂျပန်အစိုးရအနေဖြင့် ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါကို ရာသီတုပ်ကွေးနှင့် တစ်တန်းတည်း အဖြစ် အမျိုးအစား သတ်မှတ်လျှော့ချပေးခဲ့ခြင်းကြောင့် နိုင်ငံ့စီးပွားရေးကို ယန်း ၄.၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ) တိုးတက်စေနိုင်ကြောင်း ပုဂ္ဂလိကစီးပွားရေး ပညာရှင်များက ခန့်မှန်းထားပါသည်။ အဆိုပါယန်း ၄.၂ ထရီလီယံအနက် ထက်ဝက်ကျော်ဖြစ်သည့် ယန်း ၂.၆ ထရီလီယံမှာ ပြည်တွင်းခရီးသွားလာမှု ပြန်လည်အားကောင်းခြင်းမှ ရရှိနိုင်မည်ဖြစ်ကြောင်း Dai-ichi Life Research Institute မှ Executive Chief Economist ဖြစ်သူ Hideo Kumano မှ ပြောကြားထားပါသည်။

အစိုးရ၏ ကိုဗစ်-၁၉ ဆိုင်ရာဖြေလျှော့ပေးသည့် စည်းမျဉ်းအသစ်များအရ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားကြောင်း စမ်းသပ် တွေ့ရှိရပါက အိမ်တွင်နေထိုင်ခြင်း (သို့မဟုတ်) ဆေးရုံတက်ခြင်းကို ကိုယ်တိုင်စိတ်ကြိုက် ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် အစိုးရအနေဖြင့် ရောဂါဖြစ်ပွားသူများအား ပြင်ပထွက်ခွာခြင်းကိုရှောင်ရှားပြီး အိမ်တွင် ၅ ရက် နေထိုင်ရန် အကြံပြု

ထားပါကြောင်း၊ ရောဂါဖြစ်ပွားသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကိုလည်း အိမ်တွင်နေထိုင်ရန် စည်းကမ်းချက် ဖြေလျှော့ပေးပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။

အစိုးရ၏ ကိုဗစ်-၁၉ ဆိုင်ရာ ဖြေလျှော့ပေးသည့် စည်းမျဉ်းအသစ်များအရ လုပ်ငန်းခွင်နှင့်လုပ်သားများ ပိုမိုနီးကပ်လာစေမည်ဖြစ်သည့်အတွက် ထုတ်လုပ်မှုတိုးတက်ခြင်းကြောင့် ယန်း ၁.၁ ထရီလီယံ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ဖြေလျှော့မှုများကြောင့် စည်းကမ်းချက်အရ အိမ်တွင်နေထိုင်ရမည့်သူ လျော့နည်းလာမည်ဖြစ်သဖြင့် ပြင်ပထွက်၍ ခရီးသွားခြင်း၊ စားသောက်ဆိုင်တွင် ဝယ်ယူစားသုံးခြင်းဖြင့် ဂျပန်နိုင်ငံ၏စီးပွားရေးကို ပြန်လည်အားကောင်းလာစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် ယန်းငွေတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်ပမှ လာရောက်လည်ပတ်မည့်သူများအနေဖြင့်လည်း ယခင်ကထက် ပိုမို၍ ဈေးနှုန်းသက်သာစွာ ခရီးသွားနိုင်ခြင်းနှင့် ကုန်ပစ္စည်းများကို ပိုမို၍ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်မည်ဖြစ်သဖြင့် ပြည်ပခရီးသွားများ၏ သုံးစွဲမှုပမာဏမှာလည်း တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ခရီးသွား တစ်ဦးချင်းစီ၏ သုံးစွဲမှုနှုန်းမှာ ကိုဗစ်-၁၉ မဖြစ်ပွားမီကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထား ပါသည်။ ပြီးခဲ့သည့်လများအတွင်း ဂျပန်နိုင်ငံ၏ ကုန်စည်ဈေးနှုန်းမှာ မြင့်တက်ခဲ့သော်လည်း အမေရိကန်နှင့်အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်းမှာ လျော့နည်းနေဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည်အားကောင်းလာစေရန်အတွက် ပုဂ္ဂလိက၏ သုံးစွဲမှုနှုန်းကို သိသိသာသာ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း SMBC Nikko Securities မှ စီးပွားရေးပညာရှင်က ပြောကြားထားပါသည်။

**Source : The Japan Times (9-5-2023)**

**(စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2016052023%2010:23

## STOCK EXCHANGE (16.5.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th May. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 510 | 4,110,400 | 33,109,694 | 264,878 |
| MTSH | 00002 | 2,750 | -50 | -1.79% | 2,800 | 2,850 | 2,750 | 3,339 | 9,344,200 | 38,929,150 | 107,055 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 390 | 2,730,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 16,720 | 24,244,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 249 | 1,170,300 | 10,497,598 | 49,339 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th May. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 351.91 | -3.58 | -1.01% | 354.89 | 356.00 | 351.91 | 21,208 | 41,598,900 | 7 | 620,093 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th May. 2023

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

## Main Board

As of 1:00 pm, 16th May. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

| MYANPIX | 351.91 ▼ 3.58 |
|---|---|
| Total Volume (shares) | 21,208 |
| Total Value (MMK) | 42 mil |
| Listed Company | 7 |
| Market Cap. (MMK) | 620,093 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,750 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |